
ဟိန်းလတ်

# စိတ်ငြိမ်းချမ်းမှု ရှာပုံတော်



အခန်း (၁)

## စိတ်စွမ်းအင်ကို စတင်တွေ့ရှိခြင်း

ဗန်ကောက်မြို့ရှိ ဘုရားကျောင်းတစ်ခု၏ သံမံတလင်းပေါ်မှ ဖျာကြမ်းတစ်ချပ်ပေါ်တွင် ကျွန်တော်သည် လဲလျောင်းနေပါသည် ။ အခန်းမှာ အေးမြနေသည် ။ အသံဗလံများ လည်း မရှိ။ ပကတိ တိတ်ဆိတ်နေ၏ ။ ကျွန်တော်သည် ကျောကိုမတ်နေအောင် ဆန့်လှဲရင်းနှင့် သက်တောင့်သက်သာ အနေအထားဖြစ်အောင် ကြိုးစားနေသည် ။ အကြောအခြင်များကိုလည်း တမင်ပင် လျှော့ထားသဖြင့် လျော့ရိလျော့ရဲနှင့် သက်သက်သာသာရှိနေ၏ ။

ရုတ်တရက် ကျွန်တော်၏ လက်ယာဘက်လက်သည် သူ့ဘာသာသူ အပေါ်သို့မြောက်တက် လာပြီး အမိုးခုံးမျက်နှာကြက်ဆီသို့ ညွှန်ပြသည့်အနေအထားအထိ ဆန့်တက်သွားသည် ။

ထိုသို့ ခဏမျှ ညွှန်ပြနေပြီးမှ ဖြည်းဖြည်း သက်သာပင် လက်သည် ကြမ်းပေါ်သို့ ပြန်ကျလာသည် ။

အဖြစ်အပျက်မှာ ကျောချမ်းစရာပင် ကောင်းသည် ။ အခန်းထဲတွင် အ လ င်း ရော င် ဟူ ၍ ပြတင်းပေါက် တရုတ်ကပ် သစ်သားပြားလေးတွေကြားမှ တိုးဝင်လာသော အလင်းရောင်သာရှိသည် ။ တိတ်ဆိတ်သည် မှာ အပ်ကျသံပင်မကြားရလုနီးပါးပင်။ တိတ်ဆိတ်ခြင်းမက

တိတ်ဆိတ်လွန်းလှသည် ။

မကြာခင်မှာ ပင် ကျွန်တော်၏ လက်ဝက်ဘက်လက်သည် သူ့ဘာသာသူပင် အလိုလိုလှုပ်လာပြန်သည် ။ ဤလက်သည် လည်း ယခင်ကအတိုင်းပင် အပေါ်သို့ တဖြည်းဖြည်းထောင်တက်လာသည် ။ နောက်မှ တဖြည်းဖြည်း ပြန်ကျလာသည် ။ နောက်ထပ် တစ်မိနစ် နှစ်မိနစ်ခန့်အကြာတွင် ကျွန်တော်၏ လက်ဝဲဘက် ခြေထောက်သည် ယခင်နည်းတူ မြောက်တက်သွားသည် ။ ထို့နောက် လက်ယာဘက် ခြေထောက်။ ခြေထောက်နှစ်ချောင်းကြမ်းပေါ်ပြန်အကျတွင် လက်တစ်ဖက်က ထပ်မြောက်သွားပြန်သည် ။ ဆက်၍ လက်နှစ်ဖက်လုံး၊ ခြေနှစ်ဖက်လုံး အားလုံးပင် အပေါ်သို့ မြောက်တက်လိုက်၊ အောက်သို့ ပြန်ကျလိုက်နှင့်။

အခြားသူတွေမြင်တော့ မည်သို့ရှိမည် မသိ။ ကျွန်တော်ဘာသာ ကျွန်တော်ကား အတော်ပင် ထူးဆန်းနေသည် ။ ကျွန်တော် ကဲ့သို့သော တိုင်းတစ်ပါး အစိုးရ၏ အထက်တန်းအရာရှိကြီးတစ်ယောက်ကို ယခုကဲ့သို့ ခြေမြောက်လက်မြောက်အတင်းလုပ်ခိုင်းသည် ကို ဤာနေ ထိုင်းနိုင်ငံသားတို့ က အရသာခံကြည့်လိုကြမည် မဟုတ်။ ထိုင်းလူမျိုးတွေ အနေနှင့် သူတို့ နိုင်ငံတွင် လာရောက်နေထိုင်သော နိုင်ငံခြားသား ဧည့်သည် တော်များကို ဤသို့ ကာယကံမြောက်ခံ မြင်ချင်ကြမည်လည်း မဟုတ်။

သို့သော် ကျွန်တော်ကို၌ ကား ကိုယ့်ဘာသာ ကိုယ် မလှုပ်ရှားပါဘဲလျက် ဤသို့ သူ့ဘာသာသူ ခြေတွေလက်တွေလှုပ်ရှားနေသည် ကို ကိုယ်တွေ့ကြုံခဲ့ရသည် ကားအမှန်။

ထို့နောက် ဘုရားကျောင်း၏ အခြားတစ်ဖက်ဆီမှ ခိုးခိုးခစ်ခစ် အသံဗလံလေးများကို ကျွန်တော်ကြားလိုက်ရပြီး...

ကျွန်တော့်ကို အစမှ စ၍ သာ ပြောခွင့်ပြုပါတော့။ ကျွန်တော်သည် သမထ၊ စိတ်တန်ခိုး၊ စိတ်ညို့ အိပ်မွေ့ချခြင်း၊ အယ်လ်အက်စ်ဒီတို့ ကဲ့သို့သော မူးယစ်ဆေးဝါးသုံးစွဲပြီးမူးယစ်ရီဝေမှုဆိုင်ရာ အတွေ့အကြုံ၊ အထူးအာရုံသိထွင်းဖောက်သိမြင်မှုများ နှင့် ၎င်းတို့ နှင့် ခပ်ဆန်ဆန် အကြောင်းများကို ကြားဖူးနားဝကားရှိခဲ့ပါသည် ။ သို့သော် ကျွန်တော်သည် ဒါတွေကို စိတ်ဝင်စားသည် လည်း မဟုတ်၊ လုံးလုံးလျားလျား စိတ်မဝင်စားဟု လည်း မဆိုနိုင်။ သာမန် လူ တ စ် ယော က် ၏ စိတ်ဝင်စားမှု (သို့မဟုတ်) စိတ်မဝင်စားမှုမျိုးလောက်ထက် မပိုမလို။ အာကာသတွင်း၌ ဂြိုဟ်တစ်ခုမှ အခြားဂြိုဟ်တစ်ခုသို့ ခရီးသွားလာခြင်း အကြောင်းကို အံ့သြတကြီးဖတ်ပြီးသည့်နောက် ဤအကြောင်းအရာကို ဘာဏ်မမီ၍ မစဉ်းစားတော့ဘဲ ဒါ ငါ့အလုပ် မဟုတ်ဘူး ၊ သက်ဆိုင်ရာပညာရှင် ပါရဂူတွေရဲ့ အလုပ်ပဲဟု လွှဲချခဲ့သော ပုံစံမျိုး ဖြစ်၏ ။

အခြေခံအားဖြင့် ကျွန်တော်သည် ဘာသာရေးကို သိပ်အလေးထားခဲ့သူ မဟုတ်။ သို့သော် ဘာသာသာရေး ယုံကြည်သူများကိုလည်း မစော်ကား၊ မပုတ်ခတ်တတ်ပါ။ သူတို့ ကိုလည်း လေးစားပါသည် ။ ခက်တာက ကျွန်တော်ကိုယ်တိုင်အနေနှင့်မူ ဘုရားရှိခိုးကျောင်းထဲ ဝင်၍ ဝတ်ပြုရှိခိုးခဲ့သော အကြိမ်မှာ လက်ချိုးရေ၍ ပင် ရနိုင်သည် အထိ နည်းပါးခဲ့ပါသည် ။

ကျွန်တော် ထမ်းဆောင်ရသော အလုပ်တာဝန်သည်

ကျွတ်တော့်ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ကျင့်ကြံနေထိုင်တတ်ရန် သင်ပေးပါသည် ။ နိုင်ငံတစ်နိုင်ငံသို့ ရောက်လျှင် ထိုနိုင်ငံမှ ဒေသခံ တိုင်းရင်းသားတို့ ၏ အမူအကျင့်၊ ဓလေ့စရိုက်နှင့် ဘာသာရေးတို့ ကို လေ့ လာပြီး သူတို့ ၏ ရိုးရာယုံကြည်မှုများ နှင့် မသွေဖည်ရန် ကြိုးစား၍ ကျင့်ကြံနေထိုင်ခဲ့ပါသည် ။

ယခုလည်း ကျွန်တော်သည် ထိုင်းအစိုးရ၏ လုံခြုံရေးဆိုင်ရာ အကြံပေးပဂ္ဂိုလ်အနေနှင့် ထိုင်းနိုင်ငံတွင် အမှုထမ်းဆောင်ရန် ရောက်ရှိနေပါသည် ။ ကျွန်တော့်ကို မြို့၏ အချက်အချာနေရာ၌ နေထိုင်ရန် ဧရာမ အိမ်ကြီး တစ်ဆောင်ပေးထားပါသည် ။ ကျွန်တော် ရောက်ပြီး သိပ်မကြာမြင့်ချိန်မှာ ပင် ကျွန်တော်သည် ထိုင်းမိတ်ဆွေ တော်တော်များများ နှင့် သိကျွမ်းရင်းနှီးလာခဲ့ပါသည် ။ ကျွန်တော်၏ ရုံး မှာ နိုင်ငံတော်အဆောက်အအုံအနီးတွင် တည်ရှိရာ ကျွန်တော့်ထံ မကြာခဏ လာလည်တတ်သူမှာ ထိုင်းရဲအဖွဲ့မှ ဗိုလ်မှူးကြီး 'ဗာစစ်'ဆိုသူ ဖြစ်သည် ။ ဗာစစ်နှင့် ကျွန်တော် သက်တူရွယ်တူ။

လပေါင်းအတော်ကြာသောအခါ သူနှင့် ကျွန်တော်သည် အထူးရင်းနှီးသော မိတ်ဆွေရင်းချာကြီးများ ဖြစ်လာကြသည် ။ တစ်နေ့ သူက စိတ်ပိုင်းဆိုင်ရာ အဲ့ဖွယ်များကို သုတေသန လုပ်နေကြသော အုပ်စုတစ်စု၏ တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဖိတ်ကြားပါသည် ။

အနောက်နိုင်ငံများ တွင် မူ ဤသို့သော ဖိတ်ကြားမှုကို လက်ခံရန် အတော်ပင် စဉ်းစားရမည် ဖြစ်သည် ။ သို့သော် အရှေ့တိုင်းနိုင်ငံများ တွင် မူ ထိုသို့ ဂမ္ဘီရပညာများ သည် နေ့တစ်ဓူ၈ ဘာသာရေးအလုပ်၏ သမာရိုးကျအစိတ်အပိုင်းတွင် ပါဝင်နေပြီး ဖြစ်ရာ သိပ်ပြီး

မထူးဆန်းလှတော့။ ထို့ပြင် ဤသို့ ကျွန်တော့်ကို ဖိတ်ကြားခြင်းမှာ ကျွန်တော့်ကို သူတို့ နှင့် တရင်းတနှီး တစ်သားတည်း ယုံကြည်လက်ခံကြောင်း ပြသခြင်းလည်း ဖြစ်၍ ကျွန်တော့် အနေနှင့် ပို၍ ကျေနပ်ရသည် ။

ဗားစစ်က ဤအုပ်စုတွင် ဆေးသိပ္ပံပညာရှင်များ နှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ အဓိကအားဖြင့်ပါဝင်ကြကြောင်း၊ ယခု သူတို့ အုပ်စုသည် စိတ်ညှို့မှုအောက်၌ အထူးအာရုံသိ အကြားအမြင်ပေါက်သည် ဟု ကျော်ကြားသူ ထိုင်းလူငယ်လေးတစ်ဦးကို လက်တွေ့ သွားရောက် လေ့လာကြမည် ဖြစ်ကြောင်းပြောပြသည် ။

ကျွန်တော့်အနေနှင့်မူ ဘာပဲဖြစ်ဖြစ် စိတ်ညှို့တာတွေ ဘာတွေကို အပျော်ကြည့်ရလည်း မနည်း၊ ထို့ပြင် လူကြီးတစ်စုက အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး ချာတိတ်ကလေးတစ်ယောက် ၏ လှည့်စားဖြားယောင်းမည့် အကွက်များကို တကူးတက လေ့လာကြပုံကိုလည်း အနီးကပ်ကြည့်ချင်သဖြင့် လိုက်ခဲ့ခြင်းဖြစ်သည် ။

ဗာစစ်နှင့် ကျွန်တော် 'မန်ဂတ်' အမည်ရှိသော ဘုရားကျောင်းသို့ ရောက်သောအခါ ကျွန်တော်တို့ ကို ပညာတတ် အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ နှင့် ဘုန်းတော်ကြီးတစ်ချို့တို့ က ဆီးကြိုကြသည် ။ ကျွန်တော့်ကို သူတို့ အုပ်စုနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည် ။ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ မေ့ဆေး ပါရဂူ၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ စိတ်ပညာရှင် စသည် တို့ ။ သူတို့ က ကျွန်တော့်ကို သူတို့ စိတ်ညှို့ ပညာသုံးပြီး လူနာများကို မည်သို့ ခွဲစိတ်ကုသခဲ့ပုံများကို ပြောပြသည် ။

ထိုသို့ သူတို့ သုံးစွဲခဲ့သော စိတ်စွမ်းအားနှင့် သထမဆိုင်ရာ အဆင့်တစ်ဆင့်ဆင့်တွင် ရရှိသော စိတ်စွမ်းအားတို့ ၏ ကွာခြားချက်ကို ယခုသူတို့ လေ့လာကြမည် ဖြစ်ကြောင်းလည်း ရှင်းပြသည် ။

ထို့နောက် လူငယ်လေးနှင့် ယခုလေ့လာရေး လာကြသော အုပ်စုကြီးကို မိတ်ဆက်ပေးသည် ။ သူငယ်လေးမှာ ဥပမိရပ်ခပ်ကောင်းကောင်း ၊ ၁၂ နှစ်သား၊ တကယ့်ချာတိတ်လေးဖြစ်သည် ။ သူ့ကြည့်ရသည် မှာ ပညာဉာဏ်များ ကွန့်မြူးထက်မြက်နေပုံပေါ်သည် ။ မျက်လုံးများ အထူးတောက်ပကြည်လင် နေ၏ ။ ထို့ပြင် ယခုဝိုင်းအုံနေကြသော ကျွန်တော်တို့ လူကြီးအုပ် တစ်ခုလုံးကြားတွင် သူသည် ရှက်ကိုးရှက်ကန်းရှိုးတိုးရှန့်တန့် ဖြစ်မနေဘဲ အေးဆေးတည်ငြိမ်စွာ နေမြဲတိုင်း နေနိုင်ပုံကိုလည်း ကျွန်တော် အထူးအံ့သြမိသည် ။

ပထမဦးဆုံး စမ်းသပ်ချက်မှာ ကျောက်သင်ပုန်း စမ်းသပ်ချက်ဖြစ်သည် ။ သူငယ်လေး၏ မျက်လုံးများကို အလင်းရောင်ထွင်းဖောက်မမြင်နိုင်သော အဝတ်ထူကြီးများ ဖြင့် အထပ်ထပ်ပိတ်စည်းသည် ။ ထို့နောက် သူ့ကို အိပ်မွေ့ချကာ ကျောက်သင်ပုန်း၏ နောက်ဘက်တွင် ထိုင်ခိုင်းသည် ။ ပြီးမှ အုပ်စုတွင်းမှ ပုဂ္ဂိုလ်တစ်ဦးစီထပြီး ကျောက်သင်ပုန်းပေါ်တွင် စာရေးပြသည် ။ နံဘေးမှ ဘာသံမှ မထွက်စေရန်လည်း ဂရုစိုက်ထိန်းသိမ်းထားသည် ။ ရေးသမျှပုဂ္ဂိုလ်တိုင်း၏ စာလုံးတိုင်းကို သူငယ်လေးသည် တုံ့ဆိုင်းတွန့်ဆုတ်ခြင်းအလျှင်းမရှိဘဲ ချက်ချင်းလက်ငင်းပင် ဒိုးဒိုးဒေါက်ဒေါက်နှင့် မှန်ကန်စွာ ဖြေပြနိုင်သည် ကို တွေ့ရ၏ ။ ကျွန်တော့်အဖို့ ကား ခေါင်းနားပန်းပင်ကြီးသွားပြီး မည်သို့ အဖြေရှာရမည်မှန်း မသိ ဖြစ်သွားသည် ။

ထို့နောက် ကျွန်တော်တို့ သည် သူငယ်လေး၏ သမာဓိစွမ်းအားကို စစ်ဆေးရန်အတွက် ထိုင်းဘာသာစကားမှ ခက်ခဲနက်နဲသော ဝေါဟာရများကို ရွေးပြီးမေးကာ စမ်းသပ်ကြပြန်သည် ။ ဆက်၍ အင်္ဂလိပ်၊ တရုတ်၊ ရုရှား စသော တိုင်းခြားဘာသာစကားတို့ ဖြင့် စစ်ပြန်သည် ။ ကျွန်တော်တို့ ကျောက်သင်ပုန်းပေါ်တွင် ရေးပြီး မေးသမျှ ခက်ခဲပေ့ဆိုသော ဘာသာစကားအားလုံးကိုလည်း သူသည် မျက်စိပိတ်ထားသည့်ကြားမှ တစ်လုံးမကျန် အကုန်မှန်အောင် ဖြေဆိုပြခဲ့သည် ။

သူငယ်လေး၏ စိတ်စွမ်းအားကို ကျွန်တော် အံ့သြမိရိုးအမှန်ပါ။ သို့သော် ဘာကြောင့် သူ ဒီလိုလုပ်နိုင်သလဲဟူသော ပြဿနာ၏ အဖြေကိုမူ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစား၍ မရ။ ကျွန်တော်တို့ ကျောက်သင်ပုန်းပေါ်တွင် မြေဖြူခဲဖြင့်ရေးခြစ်သောအသံကိုပင် သူသည် နားပါးပါးဖြင့်ကြားပြီး၊ ဘယ်လိုရေးခြစ်သံကဖြင့် ဘ ယ် စာ လုံး ရေး တာ ပဲ ဟူ ၍ သင်္ကေတ မှတ်တာပဲ လေ့ကျင့်ထားရော့သလား၊ ဝိပဿနာကမ္မဋ္ဌာန်းများကို စိုက်လိုက်မတ်တတ် ထိုင်၍ အဆင့် တစ်ဆင့်ဆင့်သို့ ရောက်သူများ အဖို့ ကား ဤသို့ သာမာန်ထက်ပိုသော စိတ်စွမ်းအားများ ရနိုင်ကြောင်းကိုမူ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် လက်ခံယုံကြည်ထားကြပြီးသားဖြစ်မည်။ ကျွန်တော်တို့ အုပ်စုမှ ကျွန်တော်မှ အပဖြစ်သော အခြားသော ဗုဒ္ဓဘာသာဝင် ပညာရှင်များ သည် လည်း ဤသူငယ်ကလေး၏ စိတ်စွမ်းအားများကို အထက်ပါအတိုင်း သဘောပေါက် လက်ခံကြမည်သာ ဖြစ်သည် ။ ကျွန်တော်ကား ထိုစဉ်က မည်သို့မျှသဘောမပေါက် နားမလည်။

စမ်းသပ်လေ့လာပွဲပြီးသောအခါ နောက်နောင် ဤကဲ့သို့သော

အခွင့်အရေးများ ရှိပါက ကျွန်တော်လည်း လာရောက်လေ့လာခွင့်ရှိမရှိ မေးကြည့်မိသည် ။ နိုင်ငံခြားသားများကို လိုက်လိုက်လှဲလှဲခင်မင်တတ်သူ ထိုင်းနိုင်ငံသားတို့ က ကျွန်တော့်ကို ဝမ်းမြောက်ဝမ်းသာပင် လက်ခံ ဖိတ်ကြားခဲ့ကြသည် ။ နောက်တစ်ခါဆွေးနွေးပွဲကား ဆရာဝန်အသီးသီးတို့ က သူတို့ ၏ ဆေးကုသမှုလုပ်ငန်းများ တွင် မည်သို့မည်ပုံ စိတ်ညှို့ အိပ်မွေ့ချမှုကို လက်တွေ့အသုံးချပုံကို ပြသောပွဲဖြစ်သည် ။

သားဖွားနှင့်မီးယပ်ရောဂါ ပါရဂူဆရာဝန်ကြီးက နေ့စေ့လစေ့ မွေးကာနီး ဖွားကာနီး ကိုယ်ဝန်ဆောင်မိန်းမငယ်လေးတစ်ဦးအား အနောက်နိုင်ငံတွင် ခေတ်စားနေပြီဖြစ်သော စိတ်ညှို့မှုကို ခံစားပြီး မနာမကျင်ဘဲ ကလေးမွေးနည်း အကြောင်းကို ရှင်းပြသည် ။

သွားဘက်ဆိုင်ရာ ဆရာဝန်ကလည်း သွားကိုက်လွန်းသဖြင့် ပါးစောင်တွေ၊ သွားဖုံးတွေ ရောင်ကိုင်းနေပြီး အထိပင်မခံနိုင်ဖြစ်သောလူနာတစ်ယောက်ကို ခေါ်လာကာ ကျွန်တော်တို့ ရှေ့တွင် ပင်စိတ်ညှို့ပြီး၊ ထိုသူစိတ်ညှို့ခံနေရစဉ်အတွင်းတွင် သူ့သွားများကို မည်သည့်ဆေးမျှ မတိုက်ကျွေးဘဲ ဒီအတိုင်း မနာမကျင်အောင် နုတ်ယူနိုင်ပုံကို လက်တွေ့ပြသည် ။ ကျွန်တော်ကတော့ ဒါကို သိပ်မယုံချင်။ ဒီလူနာကို အစကတည်းက မေ့ဆေး၊ ထုံဆေးတော့ နည်းနည်းပါးပါးထိုးပေးထားပြီးမှ ဒီခေါ်ကာ စိတ်ညှို့ခံချင်ယောင်ဆောင်ပြီး သွားနုတ်ပြတာဖြစ်မှာ ပဲဟု ပင် ကတ်သီးကတ်သတ်တွေးဖြစ်အောင် တွေးမိလိုက်သည် ။

မကြာခင်မှာ ပင် ဆရာဝန်ကြီးတစ်ယောက်က 'ကျွန်တော်တို့ ရဲ့

အမေရိကန် လူကြီးလူကောင်းကြီးကိုလည်း ဒီစမ်းသပ်ချက်မှာ ကိုယ်တိုင်ပါဝင်ပြီး အစမ်းသပ်ခံဖို့ ပန်ကြားဖိတ်ခေါ်လိုပါတယ်ခင်ဗျား' ဟု ဖိတ်ခေါ်သည် ။ ကျွန်တော်ကလည်း ဘာမဆို စပ်စပ်စုစုလုပ်တတ်သော ဉာဉ်အတိုင်း မတုံ့မဆိုင်းပင် အစမ်းသပ်ခံရန် သဘောတူလိုက်သည် ။ ကျွန်တော့်ကို ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် အထိုင်ခိုင်းသည် ။

ထို့နောက် ပြောရိုးပြောစဉ် ညွှန်ကြားချက်များကို နားထောင်ရင်း နားထောင်ရင်းက အိပ်ငိုက်သလို ဖြစ်သွားသည် ။ အကြောအခြင်တွေလည်း လျော့လာကာ စိတ်ညို့ခံရသည့်အဆင့်သို့ ရောက်မှန်းမသိ ရောက်လာတော့သည် ။ ဆရာဝန်က ကျွန်တော့်လက်မောင်းကို ဆွဲယူပြီး လက်သည် ယခုတဖြည်းဖြည်း လေးလံနေပြီးဖြစ်ကြောင်း၊ အကြောအခြင်တွေလည်း လျော့ လာပြီး ခံစားမှုတွေ ကင်းမဲ့ကာ ထုံနေပြီဖြစ်ကြောင်း ပြောသည် ။ ထို့နောက် ကျွန်တော့လက်သည် သစ်သားချောင်းတစ်ချောင်းလိုပင် ဖြစ်နေပြီး ခံစားမှုဘာမှ မရှိတော့ဘဲ နာကျင်မှုတွေလည်း ကင်းဝေးသည့် အခြေအနေရောက်နေပြီးဟု ပြောပြန်သည် ။

ထိုအချိန်မှာ ပင် ဆရာဝန်သည် ပိုးသတ်ဆေးသုတ်၊ ပေါင်းတင်ထားသော အပ်တစ်ချောင်းကို ကျွန်တော့်အရေပြားထဲသို့စိုက်ပြမည်ဖြစ်ကြောင်း၊ သို့သော် မည်သို့သော နာကျင်မှုမှ ခံရမည်မဟုတ်ကြောင်း ပြောသည် ။ ပြောပြောဆိုဆိုပင် အပ်ကို ကျွန်တော့် အရေပြားကြားသို့ ထုတ်ချင်းပေါက် ထိုးထည့်သည် ။ ထို့နောက် ပြန်ထုတ်ယူသည် ။ အပ်စိုက်တာရော ထုတ်တာရော မျက်စိနဲ့ တပ်အပ်မြင်နေရသော်လည်း ကျွန်တော့်တွင် နာကျင်ကိုက်ခဲမှု တစိုးတစေ့မျှ မဖြစ်ခဲ့။

အပ်စိုက်ပြီး ထုတ်ပြီးနောက် ဆရာဝန်တို့ က ကျွန်တော့်ကို စိတ်လန်းလန်းဆန်းဆန်း သက်တောင့်သက်သာနှင့် အိပ်ရာမှ ထတော့ရန် ညွှန်ကြားသည် ။ မှန်သည် ။ ကျွန်တော် အိပ်ရာမှ နိုးသလိုလိုဖြစ်လာသောအခါ ကျွန်တော့်စိတ်တွေမှာ အလွန်ပင် လန်းဆန်း ဖျတ်လတ်ပြီး အကြောအခြင်များ လည်း ပြေလျော့ကာ သက်တောင့်သက်သာဖြင့် နေလို့ ထိုင်လို့ အလွန်ကောင်းနေသည် ကို ခံစားမိသည် ။ ယခု ကိုယ်တွေ့ မျက်မြင်ကြုံတွေ့ရပြီမို့ စိတ်ညှို့ပညာကို နည်းနည်းယုံချင်သလိုလိုဖြစ်လာသည် ။ ဒါတောင် သံသယစိတ် တစိုးတစေ့ဝင်ကာ လုံးလုံးလျားလျားတော့ လက်မခံချင်သေး။

အရေပြားအပေါ်ယံကိုလှပ်ပြီး အပ်နဲ့ ထိုးတာပဲ၊ ဘယ်နာမတဲ့ တုံး၊ အသားထဲ အပ်နဲ့ ထိုးတာမှ မဟုတ်တာ။ ထိုသို့ စိတ်ထဲတွင် စောဒကတက်မိကာ ဆရာဝန်အား ကျွန်တော့်ကို အရေပြားကြားသို့ စိတ်မညှို့ဘဲ ခုနကအတိုင်း အပ်စိုက်ပြရန်တောင်းဆိုသည် ။ ဆရာဝန်ကလည်း အပ်ကိုယူကာ စောစောကအတိုင်း ကျွန်တော့်အရေပြားထဲ ထိုးချပြသည် ။ အောင်မယ်လေး.... နာလိုက်တဲ့ ဖြစ်ခြင်း၊ နာသမှ ပြန်မပြောတတ်လောက်အောင်ပင် မခံမရပ်နိုင်အောင် နာကျင်လှသည် ။ ယခင် စမ်းသပ်တုန်းကနှင့် ဘာမျှမဆိုင်။

ယခုမှ ကျွန်တော်သည် စိတ်တန်ခိုး သတ္တိအကြောင်းကို လက်ခံယုံကြည်မိလာသည် ။ ကျွန်တော်တို့ အနောက်နိုင်ငံတွင် သိပ်မသိကြသေးသော စိတ်တန်ခိုးလျှို့ဝှက်ချက်များကို အရှေ့တိုင်းသားတို့ အနေနှင့်မူ ထမင်းစား ရေသောက်သဘောမျိုးလောက်တော့ လူတိုင်း နားလည်ကြကြောင်းကိုလည်း သိရှိလာသည် ။

ကျွန်တော့်အလုပ်မှာ အတော်ပင် အချိန်ကုန်သည် ။ ခရီးတွေ ခဏခဏထွက်ရသည် ။ ရုံးကျတော့လည်း တစ်နေ့ကုန် တစ်နေခန်း အလုပ် လုပ်ရသည် ။ အစီရင်ခံစာတွေ ရေး၊ စုံစမ်းမှုတွေ လုပ်၊ အစီရင်ခံစာ ထပ်ရေး၊ သို့ဖြင့် ဝိုင်းကြီးပတ်ပတ် ချာချာလည်၏။ ဤသို့ စိတ်ရောလူပါ မအားလပ်သည့်ကြားမှ ကျွန်တော်သည် မျက်စိမှိတ်ထားသည့်ကြားမှ ရေးသမျှ စာအားလုံးကို တစ်လုံးမလွဲ ဖတ်နိုင်သည့် ချာတိတ်လေး။ သူ့ကို သေသေချာချာ စိတ်ဝင်တစား စူးစမ်းလေ့လာကြသည့် လူကြီး လူကောင်းတစ်စု၊ မေ့ဆေး ထုံဆေး မပေးဘဲ ခွဲစိတ်ကုသမှုပြုကြသည့် ဆရာဝန်များ စသည် တို့ ကို အမြဲပင် ခေါင်းထဲမှ မထွက်ဘဲ သတိရနေတတ်သည် ။

ထိုသို့ အတွေ့အကြုံဆန်းများကို နားလည် သဘောပေါက်အောင် ရှင်းပြနိုင်မည်ဟု ထင်သမျှသော စာအုပ်တိုင်းကို လက်လှမ်းမီသလောက် အကုန်ရှာဖတ်သည် ။ ဘာသာရေးတတ်ကျွမ်း နားလည်သူများ ၊ ဆရာများ ထံ ချဉ်းကပ်ပြီး ကြုံကြိုက်သည့်အခါတိုင်း ဗုဒ္ဓဘာသာနှင့် သမထ ဝိပဿနာအကြောင်းတွေ ကျွန်တော် သိချင်တာ မှန်သမျှ မေးသည် ။ ကျွန်တော်တို့ အနောက်တိုင်းတွင် သိနေကြသော 'စိတ်ညှို့ပညာ' နှင့် အရှေ့တိုင်းမှ ရှေးကျသည့် ယုံကြည်မှု အယူအဆတို့၏ ကွာခြားချက်ကို လေ့လာသည် ။

တာဝန်ဝတ္တရားများ မအားလပ်သည် ကြားမှ ထုံ့ပိုင်း ထုံ့ပိုင်း လေ့လာရသဖြင့် ခရီးမတွင် လှ။ သို့နှင့် ဗန်ကောက်မြို့တွင် တစ်နှစ်ခန့် အခြေကျနေထိုင်ခဲ့ပြီး တစ်နေ့တွင် ....

ထိုနေ့မှာ ထူးထူးခြားခြားပင် ပူလွန်းလှသည် ။ အလုပ်တွေကလည်း သိပ်ပိနေသည် ။ ထို့ကြောင့် ရုံးတွင် အလုပ်လုပ်ရသည် မှာ

ပိတ်လှောင်မွန်းကျပ်လွန်းသဖြင့် ခဏတစ်ဖြုတ် စိတ်သက်သာရာရရန် အပြင်သို့ထွက်ခဲ့သည် ။ စိတ်ပိုင်းဆိုင်ရာ သုတေသနအုပ်စုမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ 'ဒေါက်တာချစ်ရွှန်' ကို သွားသတိရမိသည် ။ သူသည် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ပဉ္စင်းခံကာ (၃)လ ကြာမျှ သင်္ကန်းဝတ်နှင့် တရားဓမ္မကျင့်ကြံအားထုတ်နေသည် ဟု ကြားမိသည် ။ ထို့ကြောင့် သူ့ကို သွားဖူးကာ အလာပသလ္လာပပြော၊ ကျွန်တော် မရှင်းလင်းတဲ့ အချက်ကလေးတွေ မေး၊ စိတ်ပြေလက်ပျောက် ဖြစ်တော့မှ ရုံးပြန်လာမည်ဟု ရည်ရွယ်ကာ ရုံးမှ ထွက်ခဲ့သည် ။

ဘုန်းကြီးကျောင်းရောက်သောအခါ ဦးပဉ္စင်း ဒေါက်တာချစ်ရွှန်း တရားစာဖတ်နေသည် ကို တွေ့ရသည် ။ ကျောင်းရိပ် ကန်ရိပ်ကား အထူးပင် အေးမြလှသည် ။ ပတ်ဝန်းကျင် ကျောင်းပရိဝုဏ်တစ်ခုလုံးမှာ ပကတိ အေးချမ်း တိတ်ဆိတ်နေသည် ။ ကျွန်တော်က ရုံးမှာ ပူလွန်းအိုက်လွန်း စိတ်ရှုပ်လွန်းသဖြင့် သည် ကိုထွက်လာခဲ့ကြောင်း လျှောက်ထားသည် ။

'တကာကြီး စိတ်ကို ငြိမ်ငြိမ်ထား'

'တင်ပ့ါ ဘုရား၊ ဒါကြောင့်လဲ တပည့်တော် ဒီကို ရောက်လာတာပါ ဘုရား'

'ဒါဆိုရင် ဒီတစ်ခါတော့ တကာကြီး တစ်ခုခုကို မှန်မှန်ကန်ကန် လုပ်ဖို့ သင့်နေပြီ၊ ခဏတစ်ဖြုတ်ပဲ ဖြစ်ဖြစ်ပေ့ါ၊ ဒီလိုလုပ်လိုက်ပြီးတာနဲ့ တကာကြီးရဲ့ စိတ်ရော ကိုယ်ပါ လန်းဆန်းသွားပါလိမ့်မယ်'

ကျွန်တော်ကတော့ ဘာလုပ်ရမှန်းမသိ။

'ကျုပ်တကာကြီးကို အိပ်မွေ့ချပေးမယ်၊ တကာကြီးအနေနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလိမ့်မယ်၊ နိုးလာတဲ့ အခါကျရင်

တကာကြီးအနေနဲ့ က ပူပင်သောကတွေ အားလုံးကို မေ့ပျောက်သွားပြီး အားသစ်ခွန်သစ် အပြည့်အဝတွေ ဝင် လာပြီး ရုံးအလုပ်တွေကို ဆက်လုပ်နိုင်လိမ့်မယ်'

ကျွန်တော်က ဘာတစ်ခုမှ မငြင်းဆန်။ သမံတလင်းပေါ်က ဖျာကြမ်းပေါ်တွင် လှဲချလိုက်ပြီး ကျောင်း၏ အမိုး မျက်နှာကြက်ကိုသာ စိုက်ကြည့်နေလိုက်သည် ။ ဦးပဥ္စင်း ဒေါက်တာချရွန်းက ကျွန်တော့်ကို သက်တောင့်သက်သာနှင့် အကြောတွေလျှော့နေပြီ၊ အိပ်တော့မည်၊ အိပ်တော့မည်ဟု တဖွဖွပြောနေသံကို ကြားရင်းနှင့်ပင် လက်တွေ ခြေတွေ လေးလံ လာပြီး ကျွန်တော်လည်း အိပ်မောကျသွားတော့သည် ။

ထိုအချိန်တွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုဖြစ်ပွားလာသည် ။ ကျွန်တော် စိတ်ညို့ အိပ်မွေ့ခံထား၍ အိပ်ပျော်နေစဉ်တွင် ဦးပဥ္စင်း ဒေါက်တာချရွန်းကလည်း သူ့ တရားစာကို ဆက်ဖတ်နေသည် ။ ထိုအခိုက်အတန့်တွင် ကျွန်တော်နှင့် မသိသော ရေတပ်အရာရှိ ( သူလည်း ပဥ္စင်းဝတ်နှင့်ပင် ) တစ်ဦးသည် အခန်းထဲသို့ဝင် လာပြီး ခြေနှစ်ဖက်ကို တင်ပျဉ်ခွေ၊ ခါးကို မတ်မတ်ထားကာ တရားထိုင်သည် ။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပုံမှန်အတိုင်း ငြိမ်းငြိမ်းချမ်းချမ်း။ ကျွန်တော်သည် လည်း ခါးဆန့်ပြီး လဲလျောင်းရင်း အကြောအခြင်တွေလည်း ပြေလျော့ပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်မောကျနေသည် ။ ထိုအခြေအနေမှာ ရုတ်တရုတ်ပြောင်းလဲသွား၍ ဦးပဥ္စင်း ဒေါက်တာချရွန်းသည် စာဖတ်နေရာမှ ရပ်ပြီး ကျွန်တော်ရှိရာကို လှမ်းကြည့်သည် ။ ထိုအခါ ကျွန်တော့်လက်မှာ လေထဲသို့ မြောက်သွားလိုက် ပြန်ကျလိုက်ဖြစ်နေသည် ကို တွေ့လိုက်ရသည် ။

သူလည်း အတော်ပင် တုန်လှုပ်သွားသည် ။ စိတ်ညှို့အိပ်မွေ့ချခံထားရသူအဖို့ ဤသို့ ကိုယ်လက်လှုပ်ရှားမှုများ လုံးဝမပြုနိုင်ကြောင်း သူကောင်းကောင်း သိ၍ ဖြစ်သည် ။ ထို့ကြောင့် သူသည် နံဘေးတွင် တရားထိုင်နေသော ရေတပ်အရာရှိ ဦးပဍ္ဍင်းကို အတင်း လှုပ်နှိုးပြီး သူ မြင်ရသော မြင်ကွင်းကို ပြသည် ။

ရေတပ်ဦးပဍ္ဍင်းက အံတစ်ချက်ကြိတ်ပြီးမှ အခြေအနေကို ရှင်းပြသည် ။ သူတရားထိုင်နေစဉ်အတွင်း ကျွန်တော့်ကို ဤသို့လှုပ်ရှားရန် စိတ်ဖြင့် တမင်အမိန့်ပေးထားခြင်းဖြစ်ကြောင်း၊ သူ၏ 'အဝေးမှ လှမ်း၍ စိတ်ဖြင့်ခိုင်းစေခြင်း' (တယ်လီပသီ) စွမ်းအင် သတ္တိကို စမ်းသပ်နေခြင်းသာ ဖြစ်ကြောင်း ပြောသည် ။

ဦးပဍ္ဍင်း ဒေါက်တာချရှန်းမှာ ရုတ်တရက်တော့ မယုံကြည်၊ သံသယရှိနေဆဲ။ ထို့ကြောင့် ကျွန်တော်၏ လက်ဝဲဘက် လက်ကို မြှောက်ချည် ချချည်ဖြစ်အောင် သူ့ကို စိတ်ဖြင့် ပြန်၍ အမိန့်ပေးခိုင်းသည် ။ ထိုအချိန်ပိုင်းတွင် ကျွန်တော်သည် မိမိ ဘာဖြစ်နေသည် ကို မိမိ မသိ။ ရေတပ်ဦးပဍ္ဍင်း ဘယ်အချိန်က ဒီအခန်းထဲ ရောက်လာသည် ကိုလည်း မသိ။ သူတို့ ဘာတွေ ပြောဆိုနေကြသည် ကိုလည်း မကြား၊ ကြားသည် ထားဦး၊ သူတို့ ထိုင်းဘာသာဖြင့် ပြောနေကြသည် ဖြစ်၍ ကျွန်တော် နားလည်မှာ လည်း မဟုတ်။

ကျွန်တော့် လက်ဝဲလက်သည် အပေါ်တက်လိုက်၊ ကျလိုက် ဖြစ်နေသည် ။ ထို့နောက် လက်ဝဲရော၊ လက်ယာလက်ပါ မြှောက်လိုက် ကျလိုက်၊ ထို့နောက် လက်ဝဲခြေထောက် ပြီးတော့ လက်ယာခြေထောက်။ ကျွန်တော့် ခြေတွေ လက်တွေ အားလုံး၏

လှူပ်ရှားမှုကို ကျွန်တော် မပိုင်တော့။ ရေတပ်ဦးပဥ္စင်းလေး၏ စိတ်အလိုအတိုင်းသာ ကျွန်တော်သည် တစ်သဝေမတိမ်း လိုက်နာ လုပ်ဆောင်နေရတော့သည် ။

ရေတပ်ဦးပဥ္စင်းလေးသည် သူ့ အစွမ်းသတ္တိကို သူတွေ့ရ၍ အလွန်ပီတိဖြစ်နေသည် ။ ဦးပဥ္စင်း ဒေါက်တာချရှန်းကား အလွန်အမင်း အံ့အားသင့်လျက်ရှိသည် ။ သူသည် ကျွန်တော့်ကို စိတ်ညှို့ခံရသော အခြေအနေမှ ပြန်ခေါ်ကာ ဖြစ်ပျက်သမျှ အရပ်ရပ်ကို ရှင်းပြသည် ။ ပထမတော့ ကျွန်တော်နားမလည်။ နောက်မှ ဤဖြစ်ရပ်သည် 'အထူး အာရုံ ထိုးထွင်းသိမြင်မှု' ပညာရပ်ကို သက်သေပြသော သာမန်ဖြစ်ရိုးဖြစ်စဉ်ထက် ပိုသည့် အတွေ့အကြုံ တစ်ခုဖြစ်ကြောင်း၊ ဤ ထူးထူးဆန်းဆန်း အဖြစ်အပျက်ကို ကျွန်တော်တို့ သုံးဦးသား အမှတ်မထင် တွေ့ကြုံမိခြင်းသာ ဖြစ်ကြောင်း နားလည်သဘောပေါက်လာပါတော့သည် ။

* * *

အခန်း (၂)

# မသိစိတ်၏ အစိတ်ပိုင်း

ဝါရှင်တန်ရှိ ကျွန်တော်၏ ကိုယ်ရေးရာဇဝင် ဖိုင်တွဲတွင် ကျွန်တော်သည် တစ်စုံတစ်ခုကို လွယ်လင့်တကူဖြင့်ဖွတ်မှို တ်၍ ယုံကြည်တတ်သူ မဟုတ်ကြောင်း သက်သေ သာခေ အထောက်အထားများ စွာဖြင့် မှတ်တမ်းတင်ထားသည် ကို တွေ့ရသည် ။ ကျွန်တော်သည် အသက် အတော် ငယ်ငယ်ရွယ်ရွယ်ကတည်းက အစိုးရအလုပ်သို့ ဝင်လုပ်ခဲ့ပြီး နိုင်ငံအတော်များများ တွင် လည်း လှည့်လည် အမှုထမ်းခဲ့ဖူးသည် ။ ပေးအပ်သမျှ တာဝန် ဝတ္တရားများကိုလည်း အတော်ပင် ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့ပါသည် ။ တော်ရုံတန်ရုံ အခက်အခဲ အနှောင့်အယှက်များကိုလည်း အလွယ်တကူ ကျော်နင်း ဖယ်ရှားနိုင်ခဲ့သော အတွေ့အကြုံများ စွာ ရှိခဲ့ပါသည် ။ ဤသည် တို့ ကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်သည် ထိုင်းနိုင်ငံမှ သူတော်စင်နှင့် ဆေးသိပ္ပံပညာရှင်တစ်စုတို့ ၏ အလွယ်တကူ အရူးလုပ်ခြင်းကို ခံရလောက်သည့် လူစားမျိုးထဲတွင် မပါဝင်နိုင်ကြောင်းထင်ရှားလောက်ပါပြီ။ ထိုင်းနိုင်ငံသားတို့ နှင့် အတော်ရင်းရင်းနှီးနှီး ပေါင်းကြည့်မိလေ သူတို့ ကို ကျွန်တော် သဘောကျမိလေ ဖြစ်သည် ။ တကယ်တော့ သူတို့ နှင့် တစ်သားတည်း

ပေါင်းမိတော့မှ ပင် သူတို့ သည် ညာလုံး လှိုင်းလုံးမရှိ ပကတိ ရိုးသားဖြူစင်သူများ ဖြစ်ကြောင်း ကောင်းကောင်း ကြီးသိရပါသည် ။ ထို့ပြင် သူတို့ သည် သစ္စာတရားကိုရှာရာတွင် ရိုးရိုးသားသားနှင့် စစ်စစ်မှန်မှန် ရှိသူများ လည်း ဖြစ်ကြပါသည် ။ သည်းခံခြင်းတရားရှိသည့်နေရာတွင် လည်း ထိုင်းနိုင်ငံသားများ သည် စံပြဖြစ်ပုံရသည် ။ မည်သည့်ဘူတာရုံတွင် မဆို အထုပ်အပိုးတွေနံဘေးချပြီး ခြေပစ်လက်ပစ်ထိုင်လျက် ဘယ်အချိန်ဆိုက်မယ်မှန်း မရေရာလှသော မီးရထားအလာကို စောင့်နေသူတွေ ဒုနှင့်ဒေး။ ရထားသည် တစ်နာရီနောက်ကျပြီးမှ လာချင်လာမည်။ လုံးလုံးလျားလျား ပျောက်ချင် ပျောက်သွားမည်။ ဒါကို ဘယ်သူမှ မပူ။ မငြူစူ၊ သည်းခံပြီးသာ စောင့်တတ်ကြပါသည် ။

သည်းခံမှုနှင့် ခံနိုင်ရည်ရှိမှုတို့ မှာ မေးရာပါ အရည်အချင်းတွေလို ဖြစ်နေသည် ။ အထူးသဖြင့် ဗုဒ္ဓဘာသာယုံကြည်မှု အရိပ်အာဝါသအောက်တွင် ပေါက်ဖွားကြီးပြင်းလာကြသူများ တွင် ထိုအရည်အချင်းများ သည် အလိုလိုပြည့်ဝပြီးသား ဖြစ်နေသည် ထင်ရ၏ ။ ဗန်ကောက်ရှိ ကျွန်တော့် မိတ်ဆွေ အနောက်တိုင်းသားအချို့သည် ဗန်ကောက်သို့ စရောက်စက 'ဒါမျိုး တို့ ပြည်မှာ ဆို ဘယ်ရမလဲ' ဟူသော မဲ့ကာ ရွဲ့ကာဖြင့် ကျွန်တော်၏ ညည်းညူပြစ်တင်သံကို နားငြီးလောက်အောင် ကြားခဲ့ကြရသည် ။ သို့သော် ကျွန်တော်လည်း အနေကြာ လာလေ အရာရာကို ခွင့်လွှတ်သည်းခံတတ်လေလေဖြစ်လာသည် ကို ကျွန်တော့်ဘာသာ ကျွန်တော်သတိထားမိလာသည် ။ တကယ်တော့လည်း ဗုဒ္ဓဝါဒီ ထိုင်းနိုင်ငံသားတို့ ကိုင်စွဲသော ဒဿနသည် ကျွန်တော်တို့ ၏ ရှုပ်ထွေး ပွေလိမ်လှသော လူမှုအဖွဲ့အစည်း၏ အချို့သော ပြဿနာများကို

ဖြေရှင်းပေးနိုင်ကောင်း ပေးနိုင်မည်ဟု ကျွန်တော် ထင်ပါသည် ။

သိပ္ပံနှင့် အတတ်ပညာ တိုးတက်မှုမှာ ယနေ့ကမ္ဘာတွင် အံ့မခန်း ဖြစ်နေပါသည် ။ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ဦးနှောက်နှင့် မျက်လုံးအစားထိုး၍ ကုသမှုများမှာ နေ့စဉ်လိုပင် ဖြစ်နေသည် ။ ကွန်ပြူတာများ သည် ဘဏ်လုပ်ငန်းမှ အစ၊ နေရာတကာတွင် မြန်မြန်နှင့် မှန်ကန်စွာ တွင် တွင် ကျယ်ကျယ် အသုံးကျနေသည် ။ အာကာသသူရဲများ သည် စကြာဝဠာတစ်ခွင် ပြဲပြဲစင်အောင် လေ့လာသမှုတွေ ပြုနေကြပြီ။ သို့သော် ကျွန်တော်တို့ လူအတော်များများက ဤအောင်မြင်မှုများ သည် ဘယ်ကဲ့သို့ ပြီးမြောက်အောင်မြင်လာကြသည် ကို တစ်ခုမှ နားမလည်ပါ။ ဘယ်တော့မှ လည်း နားလည်ကြလိမ့်မည် မဟုတ်ပါ။ သည့်ထက် ဆိုးသည် ကား ကျွန်တော်တို့ ၏ စစ်လက်နက်ဆိုင်ရာ သိပ္ပံပညာသည် လည်း အကြီးအကျယ်ဖွံ့ဖြိုးလာခဲ့ပြီဖြစ်ရာ၊ ဘယ်နေ့ထ၍ ပေါက်ကွဲမလဲဟူသော အခြေအနေကို ရင်တမမနှင့် နေ့တစ်ရူဂ ရင်ဆိုင်နေရခြင်းပင်ဖြစ်သည် ။ သို့ပေမယ့် ကျွန်တော်တို့ သည် ဒါတွေကို သိပ်မကြောက်ကြ။ ထိုသို့ကြောက်ကြရမည့်အစားလူနေမှုအဆင်အတန်း မြင့်မားရေးကိုသာ လုံးပန်းနေကြသည် ။ ရုပ်ဝတ္ထုများ ပိုမိုပိုင်ဆိုင်ရေးအတွက် အလုပ်တွေကို ကုန်းရုန်းလုပ်နေကြသည် ။ ကားဝယ်မယ်၊ အဝတ်အထည်ဆန်း ပေါ်သမျှ ကိုယ်ပေါ်တင်မယ်။ ရုပ်မြင်သံကြားတွေ၊ အိမ်တွေ၊ မြေတွေ ရသလောက် အကုန်ဝယ်ချင်နေကြသည် ။ အားလပ်ချိန်တွေကိုလည်း လည်မယ်၊ ပတ်မယ်၊ အပန်းဖြေမယ်။ ဒါတွေကိုသာ စိတ်ကူးထဲမှာ အစီအစဉ်တွေချပြီး မအားလပ်ကြ။ ကမ္ဘာကြီး ဘာဖြစ်နေနေ၊ ငါသက်သာသလို နေနိုင်ရင် ပြီးတာပဲဆိုကာ

ကိုယ့်ဖို့ သာကိုယ် ပျော်ရာပျော်ကြောင်း စိတ်ချမ်းသာရာ စိတ်ချမ်းသာကြောင်း ရှာနေကြသည် ။

ထိုသို့သော ကျွန်တော်တို့ အနောက်နိုင်ငံမှ လူများ ပုံစံနှင့် ဗုဒ္ဓဝါဒီ ထိုင်းနိုင်ငံသားတို့ ၏ နေထိုင်မှုပုံစံမှာ အတော်ပင် ကွာခြားလှသည် ။ ကျွန်တော်တို့ က ထစ်ခနဲဆို ဒေါသဟု န်းခနဲ ထလာတတ်ကြသည် ။ ရထားဆို အချိန်မှန်ဆိုက်မှ ။ အချိန်မမှန်ဘူးဆိုတာနဲ့ ရုံပိုင်ကို သွားကြိမ်းမောင်းမည်။ ထုချေလျှော် တောင်းမည်။ ကျွန်တော်တို့ ဆီတွင် နေရာတကာ ထုချေလျှော်တောင်းတတ်ကြသည် ။ ထိုင်းနိုင်ငံတွင် ဒါမျိုးမရှိ။

ဗုဒ္ဓဝါဒီ ထိုင်းလူမျိုးတို့ နှင့် ကျွန်တော်တို့ အနောက်နိုင်ငံသားတို့ ဘာဖြစ်လို့ ဒါတွေ လာကွာခြားနေပါလိမ့်။ ကျွန်တော် အဖြေရှာကြည့်ပါသည် ။ ကျွန်တော် လုပ်ငန်းတာဝန် အားလပ်တိုင်း ဒါကိုသာ စနစ်တကျ သုတေသနပြုလေ့လာခဲ့ပါသည် ။

ထိုသို့ရှိနေစဉ် ကျွန်တော်တို့ ဝါရှင်တန်ဌာနချုပ်တွင် သုံးလမျှ သင်တန်းတစ်ခုတက်ရန် ပြန်လည်ဆင့်ခေါ်ခြင်း ခံရပါသည် ။ ထို့ကြောင့် ဝါရှင်တန်သို့အပြန် လေယာဉ်ပေါ်တွင် ကျွန်တော်သည် အေးအေးဆေးဆေးနှင့် မိမိဘဝကို မိမိ ပြန်လည်သုံးသပ်ချိန် ရခဲ့ပါသည် ။ ကျွန်တော် စိတ်ညှို့အိပ်မွေ့ချခံထားရစဉ်တွင် ကျွန်တော်၏ လက်၊ ခြေတို့ ကို လှုပ်ရှားအောင် စိတ်ဖြင့်အမိန့်ပေး စေခိုင်းခဲ့သော ရေတပ်အရာရှိ ဦးပဉ္စင်းအကြောင်းကို ပြန်လည်သတိရမိသည် ။ ကျွန်တော်ကလည်း ထိုအချိန်တုန်းက ရပ်ခန္ဓာကြီးတစ်ခုလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး စိတ်တစ်ခုလုံးလည်း သက်တောင့်သက်သာ ငြိမ်းချမ်းနေချိန်။

ရေတပ်အရာရှိ ဦးပဥ္စင်းကလေးကလည်း ကမ္မဋ္ဌာန်းရှုရင်းက စိတ်သည် တည်ငြိမ်အေးချမ်းနေချိန်။ ကျွန်တော်တို့ နှစ်ယောက်စလုံး၏ စိတ်သည် အနယ်ထိုင်နေချိန်တွင် တစ်ဦးနှင့် တစ်ဦး စိတ်ဖြင့်ဆက်သွယ်၊ အမိန့်ပေးစေခိုင်း လှုပ်ရှားနိုင်ကြသည် မဟုတ်လော။ ယခု ကျွန်တော် လှုပ်လှုပ်ရှားရှား သွားသွားလာလာရှိချိန်တွင် အခြားသော လှုပ်ရှားသွားလာနေသူက ကျွန်တော့်ကို စိတ်ဖြင့်အမိန့်ပေးစေခိုင်းလို့ ရပါဦးမတဲ့ လား။ ကျွန်တော်တို့ သည် ကာယအား၊ ဉာဏအားဖြင့် စိတ်ရာကိုယ်ပါ အလုပ်များ နေချိန်တွင် စိတ်စွမ်းအားရှင်တို့ မှာ တိမ်မြုပ်နေရခြင်းပင် ဖြစ်သည် ။

ဝါရှင်တန်တွင် ရှိနေစဉ် ကျွန်တော်သည် ဗန်ကောက်တုန်းက ခင်မင်ရင်းနှီးခဲ့သော ဒေါက်တာပရာပန်နှင့် ပြန်ဆုံမိသည် ။ ဒေါက်တာပရာပန်မှာ ဗန်ကောက်က သွားစိုက်ဆရာဝန်ဖြစ်သည် ။ ကျွန်တော်ပါဝင်လေ့လာခဲ့သော 'ပရစိတ်ပညာ' နယ်ပယ်မှ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည် ။ ယခု သူသည် ဝါရှင်တန်တွင် ဆေးဘက်ဆိုင်ရာ မေ့ဆေးပညာကို လာရောက် သင်ယူနေသူ ဖြစ်၏ ။

ဒေါက်တာပရာပန်သည် ကျွန်တော်နှင့်အတူ ကာရိုလိုင်းနားမြောက်ပိုင်းရှိ ဒူတက္ကသိုလ်သို့ သွားရောက်ရန်စီစဉ်ပြီး နှစ်ဦးသား ထွက်ခဲ့ကြသည် ။ ဒူတက္ကသိုလ်မှာ 'ပါမောက္ခ ဂျေဘီရိုင်း' ၏ နာမည်ကျော် 'စိတ်နယ်လွန်သုတေသန' က စပြီး စိတ်နယ်လွန်ပညာနှင့် ပရဝိဉာဉ်ပိုင်းဆိုင်ရာတို့ ကို ပါမောက္ခကြီး ဂျေဘီရိုင်းသည် ဤတက္ကသိုလ်တွင် စတင်လေ့လာခဲ့ရာ ကမ္ဘာကျော်ခဲ့သည် ။ ကျွန်တော်သည် ပါမောက္ခကြီးနှင့်တွေ့ဆုံပြီး ကျွန်တော်၏ ထိုင်းဘုရားကျောင်းထဲမှ အတွေ့အကြုံကို တင်ပြသည် ။ ပါမောက္ခကြီးက ကျွန်တော့်ကို စိတ်ပိုင်းဆိုင်ရာ

ထူးဆန်းအံ့ဩဖွယ်ရာများကို အသေးစိတ်ပင်ရှင်းပြသည် ။ ထို့နောက် ကျွန်တော်တို့ ကို သူ့တက္ကသိုလ်တစ်ခွင် လှည့်လည်ပြသည် ။ ဓါတ်ခွဲခန်းတစ်ခုတွင် 'ဒေါက်တာ ဂျေဂျီပရက်' နှင့် တွေ့ဆုံသိကျွမ်းရသည် ။ 'ဒေါက်တာ ပရက်' မှာ စာရင်းအင်းဗေဒပါရဂူ၊ သင်္ချာပါရဂူတစ်ယောက်ဖြစ်ပြီး ဒေါက်တာရိုင်းနှင့်အတူ ဤတက္ကသိုလ် စတင်တည်ထောင်စကတည်းက စတင်၍ စိတ်နယ်လွန်ပညာများကို သုတေသနပြုလုပ်နေသူဖြစ်သည် ။

ယခု သူသည် 'ကံအခွင့်အလမ်း' နှင့် ပတ်သက်၍ သုတေသနပြုနေစဉ် ကျွန်တော်တို့ နှင့် သိကျွမ်းရခြင်းဖြစ်သည် ။ ထို့ပြင် သူသည် စိတ်ဖြင့်ထိန်းချုပ်အမိန့်ပေးကာအရာဝတ္ထုများကို ရွေ့လျားစေခြင်းဆိုင်ရာ ဘာသာကိုလည်း လေ့လာနေသည် ။ သူ၏ စမ်းသပ်ခန်းထဲတွင် အန်စာတုံးပစ်စက်များ ၊ ဖဲချပ်ကုလားဖန်ထိုးစက်များ ဖြင့် ရှုပ်ပွနေသည် ။ အန်စာတုံး (သို့) ဖဲချပ်ကို ဘယ်နှစ်ခါလှည့်လျှင် ကုလားဖန် ဘယ်နှစ်ခါထိုးလျှင် ဘာအပွင့်ကျမည်ကို သိပ္ပံပညာဖြင့် အကြိမ်ကြိမ် အဖန်ဖန် စမ်းသပ်နေသည် ။ အထူးအာရုံသိ ပုဂ္ဂိုလ်များကို ခေါ်ပြီး ဖဲချပ်ကို အကြိမ်ကြိမ် ကုလားဖန်ထိုးကာ ဘာဖဲချပ်ကျမလဲဆိုသည် ကို စမ်းသပ် စစ်ဆေးနေသည် ။ နိမိတ် ကြိုမြင်တတ်သူများ ၊ အိပ်မက်အတိုင်း ပြင်ပတွင် တကယ်ဖြစ်ပျက်တတ်သူများ ၊ စိတ်ထင်သည့်အတိုင်း မှန်တတ်သူများ ၊ အနာဂတ်ကို အာရုံဖြင့်မြင်ပြီး ကြိုတင်ဟောကိန်းထုတ်နိုင်သူများ စသည် တို့ ကိုလည်း တကူးတက ဖိတ်မန္တကပြုကာ သုတေသန လုပ်နေကြသည် ။

စိတ်ဝင်စားစရာ ဖြစ်ရပ်တစ်ခုကို ဥပမာ တင်ပြပါမည်။ ပင်လယ်သို့ထွက်သွားသော သား၏မိခင်သည် တစ်ညတွင်

အိပ်နေရင်းနှင့် ဘီးလူးစီးသလို ဖြစ်၏ ။ သူ့ခန္ဓာကိုယ် တစ်ခုလုံးရေအောက်သို့ စုံးစုံးမြုပ်သလိုဖြစ်ကာ အသက်ရှူလို့ မရဖြစ်ပြီး ရေမွန်းသည့်ဝေဒနာမျိုး ခံစားနေရသည် ။ ထိုကဲ့သို့ ဝေဒနာကို တစ်နာရီလောက်ကြာအောင် ခံစားရပြီးမှ သတိလည်လာသည် ။ နောက်မှ သိရသည် မှာ မိခင်ကြီးကို ထိုသို့ ထမင်းလုံးတစ္ဆေလိုလို အခြောက်ခံရချိန်နှင့် သားဖြစ်သူ သင်္ဘောနစ်ချိန်သည် တစ်ချိန်တည်းဖြစ်နေသည် ဆို၏ ။ ဒူတက္ကသိုလ်မှ ပညာရှင်များ သည် ထိုဖြစ်ရပ်ကို အသေးစိတ်လေ့လာကာ မိုင်ပေါင်းများ စွာ ကွာဝေးသော ဒေသတစ်ခုမှ သားဖြစ်သူနှင့် မိခင်ဖြစ်သူတို့ နှစ်ဦးကြားမှ စိတ်ချင်းဆက်သွယ်မှုကို အဖြေရှာကြသည် ။

ထိုသို့ ဖြစ်ရပ်ဆန်းများ စွာကို ဒူတက္ကသိုလ်၏ မှတ်တမ်းများ သိမ်းဆည်းထားရာ မော်ကွန်းတိုက်တွင် စနစ်တကျမှတ်တမ်းတင်ထားသည် ။ ၁၉၃၉-၄၅ ကမ္ဘာစစ်ကာလတုန်းက စစ်မြေပြင်သို့ ရောက်နေကြသော မိမိတို့ ၏ ခင်ပွန်း၊ အစ်ကို၊ မောင်၊ ချစ်သူ စသည် တို့ တိုက်ပွဲတွင် ကျဆုံး၊ ဒဏ်ရာရကြသည် ကို ဇနီး၊ အစ်မ၊ ညီမ၊ ချစ်သူတို့ က အာရုံထဲတွင် အလိုလိုထင်ဟပ်သိမြင်ကြပြီး သူတို့ အာရုံထဲ ပေါ်သည့်အတိုင်း တကယ်တမ်းတွင် လည်း ထိုနည်းတူ ဖြစ်ပျက်ခဲ့သည့် ကိုယ်တွေ့မှတ်တမ်းများ စွာကို ဤတက္ကသိုလ်တွင် ထိန်းသိမ်းထားသည် ။ လန်ဒန်မြို့ကြီး ပုံးထဲပါသွားပြီဆိုသည် ကို တကယ်တမ်း တရားဝင်အကြောင်းမကြားခင်ကတည်းက အလိုလို စိတ်ထဲသိနေပြီးဖြစ်သူများ ၏ ကိုယ်တွေ့ပြောပြချက် များ စွာကိုလည်း မှတ်တမ်းတင်ထားသည် ။

ပါမောက္ခရိုင်းသည် ဤပညာရပ်တွင် အပိုင်နိုင်အနှံ့စပ်ဆုံး ပညာရှင်ကြီး ဖြစ်သည် ။ 'ပရဝိဘာဉ် သုတေသန' (Psychical Research) ဟူသော အသုံးအနှုန်းအစား 'စိတ်နယ်လွန်ပညာ' (Parapsychology) ဟူသော ဝေါဟာရကို စတင်သုံးစွဲခဲ့သူမှာ လည်း သူ။ 'စိတ်အတွေး ကူးပြောင်းမှု' (Thought Transference)/ 'အဝေးမှ မနေသောချင်း ဆက်သွယ်သိမြင်မှု' (Telepathy) စသော စကားလုံးများကို ခြုံငုံပြီး 'အထူးအာရုံသိမှု (သို့) အီးအက်စ်ပီ' (Extransensory Perception) ဆိုသော ဝေါဟာရကို တီထွင် သုံးစွဲခဲ့သူမှာ လည်း သူ။ တစ်ခါတလေ ကျွန်တော်တို့ တစ်ခါမှ မရောက်ဖူးသော အရပ်ဒေသတစ်ခုခုကို ရောက်ခဲ့ကြသည် ။ ဒီအရပ်ကို တကယ်တော့ ယခုအခေါက်သည် ပထမဆုံး ရောက်ဖူးခြင်း။ သို့သော် မြင်ကွင်းများမှာ မြင်ဖူးသလိုလို ဖြစ်နေသည် ။ ငါဘယ်တုန်းကများ ဒါမျိုးမြင်ဖူးပါလိမ့်ဟု စဉ်းစားကြည့်သည် ၊ မရ။ ဤသည် မှာ မိမိ 'မသိစိတ်' ၏ ရောင်ပြန်ထင်ဟပ်မှုတစ်မျိုးသာဖြစ်သည် ။ ထိုကဲ့သို့သော သိပ္ပံပညာမျိုးကို လေ့လာနေသူမှာ လည်း သူ။ 'ပါမောက္ခရိုင်း'။

သူတို့ အလုပ်က မလွယ်လှ။ ဘဲဥအစရှာမရသလိုဖြစ်သော ကိစ္စများကို တစ်စစီ၊ တစ်စိတ်စီ စိတ်ရှည်ရှည်နှင့် စီကာ စဉ်ကာ အချိန်ယူပြီး ပြန်လည် သရုပ်ဖော်ရသည် မှာ စင်စစ်တော့ အတော်ပင် မရေမရာ ရှိလှသည် ။ ကျွန်တော်နှင့် ဒေါက်တာပရာပန်တို့ အဖို့ မှာ သူတို့ ပြသမျှတွေကိုသာ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် တအံ့တဩသာ ကြည့်နေရသည် ။ ကျွန်တော် မြင်ဖူးသမျှ ဘယ်သိပ္ပံ ဓါတ်ခွဲခန်းများ နှင့် မတူ။ ကျွန်တော်ကြားဖူးသမျှ ဘယ်ပုံပြင်နှင့်မှ မတူသော အထူးအဆန်း ဇာတ်လမ်းတွေ အများကြီးကိုလည်း ကြားခဲ့ရသည် ။

ကျွန်တော်ပြန်ခါနီး တွင် ဒေါက်တာရိုင်းက သူ့အံဆွဲထဲမှ ဖဲထုပ်တစ်ထုပ်ကို ထုတ်ပြသည် ။ နောက်ကျောက ကြည့်လျှင်တော့ ကျွန်တော်တို့ ကစားနေကျ ဖဲထုပ်အတိုင်း။ ရှေ့ဘက်မျက်နှာစာမှာ ကား ဖူးတို့ ၊ ညှင်းတို့ စသော သင်္ကေတတွေအစား၊ စက်ဝိုင်းပုံ၊ ကြယ်ပုံ၊ လှိုင်းတွန့်ပုံ၊ ကြက်ခြေခြနီပုံနှင့် လေးထောင့် စတုရန်းပုံများ ရေးသားထားသည် ကို တွေ့ရ၏ ။ ဖဲချပ်က နှစ်ဆယ့်ငါးချပ်ရှိသည် ။ သင်္ကေတ တစ်ခုလျှင် ငါးချပ်စီ။

'ဒီ အ၊အ၊သ ကတ်ပြားလေးတွေကို ကြည့်လိုက်ကြပါဦး၊ ဒါတွေကို ကျွန်တော်တို့ ဒူတက္ကသိုလ်မှာ သိပ်သုံးပါတယ်၊ ခင်ဗျားတို့ မှာ လဲ သာမာန်ထက်ပိုတဲ့ အထူးအာရုံသိအမြင်တွေ ရှိမရှိ သိချင်ရင် ဒါနဲ့ စမ်းကြည့်လို့ ရပါတယ်'

ဒေါက်တာရိုင်းက ထိုသို့ ပြောသည် ။

(မှတ်ချက်။ အ၊အ၊သ ဆိုသည် မှာ 'အထူးအာရုံသိမှု' ကို အတိုကောက် ပြန်ဆိုထားခြင်း ဖြစ်ပါသည် ။ အင်္ဂလိပ်ဘာသာဖြင့်ကား E.S.P ဟု Extransensory Perception ကို အတိုကောက် ခေါ်ဝေါ် သုံးစွဲကြပါသည် ။)

ဒေါက်တာပရာပန်နှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည် ။

ပါမောက္ခကြီးသည် ကတ်ပြားတွေကို ကုလားဖန်ထိုးလိုက်သည် ။ ထို့နောက် ကျောဘက်မှ နေ၍မှောက်ကာ စားပွဲပေါ်တွင် ချထားလိုက်သည် ။

'ဖဲချပ် တစ်ခုကို ယူဗျာ၊ ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ ဘာဖဲလဲဆိုတာ လှန်ကြည့်၊ ကျွန်တော့်ကိုတော့ မပြနဲ့ ပေါ့၊ ခင်ဗျားတို့

လက်ကဖဲဟာ ဘာသင်္ကေတရှိလဲဆိုတာ ကျွန်တော်က မကြည့်ဘဲ ပြောမယ်၊ မှန်ချင် မှန်၊ မှားချင် မှားမယ်ပေါ့၊ ကဲ.... စမ်းကြည့်ရအောင်'

ကျွန်တော်က ပထမ ဖဲချပ်ကို ယူကြည့်သည် ။ ကြယ်ပုံ။ ပါမောက္ခကြီးက ကျွန်တော့်မျက်လုံးတွေကို အသေအချာ စူးစိုက်ကြည့်ပြီး ဖြေသည် ။ စက်ဝိုင်းတဲ့ ။ ကျွန်တော်က နောက်ဖဲတစ်ချပ်ကို ယူသည် ။ စက်ဝိုင်း။ ပါမောက္ခကြီးကလည်း ဖြေသည် ။ ပါမောက္ခကြီး ရမ်းသန်းဖြေတာ နှစ်ခါတော့မှန်သည် ။ ကျွန်တော်တော့ အတော်ဦးနှောက်ခြောက်သွားသည် ။

'ဒါက ဘာကို သက်သေပြတာလဲ ဆရာကြီး'

ကျွန်တော်က မေးမိသည် ၊

'ဒါက ဘာကိုပြသလဲဆိုတော့ ကျွန်တော့် အမြင်အာရုံမရသေးတာကို ပြတာပေါ့ဗျ၊ ခုနှစ်ခါမှာ နှစ်ခါလောက် မှန်တာဟာ တိုက်ဆိုင်မှုပဲ၊ အမြင်အာရုံ တက်သန်တဲ့ လူဆို ဒီ့ထက်မက မှန်ရမှာ ပေါ့'

သူက ပြုံးပြီး ဆက်ရှင်းပြသည် ။

'ဒီစမ်းသပ်မှုကို ကျွန်တော်တို့ အကြိမ်တွေ ထောင်နဲ့ သောင်းနဲ့ ချီပြီး လုပ်ခဲ့ပါတယ်၊ ပျမ်းမျှအားဖြင့်တော့ နှစ်ဆယ့်ငါးကြိမ်မှာ ငါးကြိမ်လောက်သာ မှန်းဆချက်ဟာ မှန်ကန်တတ်ပါတယ်။ ရမ်းသန်းဖြီးဖြန်းပြီး လျှောက်ပြောလဲ နှစ်ဆယ့်ငါးကြိမ်မှာ နှစ်ဆယ့်ငါးကြိမ်လုံးမှန်ဖို့ ခဲယဉ်းပါတယ်၊ တချို့ အမြင်အာရုံထက်သန်သူတွေကျတော့ အတော်လေးကို အဖြေမှန်တာ များ တာကို အံ့သြစရာ ကောင်းလောက်အောင် တွေ့ရပါတယ်၊ တစ်ခါမေးလို့ အဖြေမှန်တာများ ရင် ကံကောင်းလို့ ၊ တိုက်ဆိုင်တာ များလို့ ရယ်လို့ ပြောနိုင်ပေမယ့် အဲဒီ သူဟာ ဘယ်အခါ စစ်စစ်

သာမာန်လူထက် အဖြေမှန်ပိုများ နေပြီ ဆိုရင်တော့ ဒီလူဟာ သာမာန်ထက် ထူးပြီလို့ မှတ်ရပါတယ်' 'ပီးယာ့စ်' ဟု ခေါ်သော ပုဂ္ဂိုလ်တစ်ယောက်ကို ဒေါက်တာရိုင်းနှင့် ဒေါက်တာပရက်တို့ အ၊အ၊သ ကတ်ပြားဖြင့် စစ်ကြည့်ဖူးသည် ။

ထိုသူကို ကတ်ပြား (၂၅)ခုဖြင့် (၁၅)ကြိမ်တိတိ စစ်ကြည့်သည် ။ စုစုပေါင်း အကြိမ် (၇၅၀)ကြိမ်တွင် (၉)ကြိမ်လောက်ထိ ပျမ်းမျှအားဖြင့် မှန်ကန်သည် ကို တွေ့ခဲ့ရသည် ။ သာမန်လူတို့ မှန်ကန်နှုန်းထက် နှစ်ဆနီးပါးမျှ ပို၍ မှန်ကန်ခဲ့သည် ။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးမှာ တစ်ကုဋေကုဋာတွင် မှ တစ်ယောက်ပင်မရှိ။ ဒူတက္ကသိုလ်တွင် နှစ်ပေါင်းများ စွာ စမ်းသပ်ခဲ့သမျှ ထိုသူလောက် အဖြေမှန်များ ခဲ့သူ ယခုထိ မရှိခဲ့။

'အကြားအမြင်ရပုဂ္ဂိုလ်၊ နိမိတ်ဖတ် အတိတ်ကောက်တတ်သူ၊ ကြိုတင်ဟောကိန်းထုတ်သူတွေ ဧကန်ဧက ရှိခဲ့တာတော့ ရာစုနှစ်တွေနဲ့ ကို ချီပြီးတောင် ကြာခဲ့ပါပြီ၊ အထူးသဖြင့် ဘာသာရေး အဦးအဆောင်အောက်မှာ ရှိတဲ့ နိုင်ငံတွေမှာ အတော်တွေ့ရပါတယ်'

ပါမောက္ခရိုင်းက ကျွန်တော်တို့ သွားခါနီး တွင် ထပ်၍ ပြောသည် ။ ဒူတက္ကသိုလ်မှ အပြန်လမ်း တစ်လျှောက်လုံးတွင် ကျွန်တော်ရော ဒေါက်တာပရာပန်ပါ စဉ်းစားတွေးတောစရာတွေ တစ်ပုံတစ်ခေါင်းကြီးနှင့် ပြန်လာခဲ့ကြသည် ။ ကျွန်တော်ကမူ 'အ၊အ၊သ' ကတ်ပြား စမ်းသပ်မှုနှင့် ကျွန်တော်ကိုယ်တိုင် အစမ်းသပ်ခံခဲ့ရသော ဗန်ကောက်ဘုရားကျောင်းတွင်းမှ စမ်းသပ်မှုတို့ ၏ အဆက်အစပ်ကို စဉ်းစားနေမိသည် ။ ပါမောက္ခရိုင်းက ကျွန်တော်တို့ ကို 'အ၊အ၊သ' ကတ်ပြားများ လက်ဆောင်ပေးပြီး အားတိုင်း စမ်းသပ်ကြည့်ရန်

အမှန်များ လာလေလေ အကြားအမြင်အာရုံနှင့် ပိုနီးစပ်လေလေဟု သိလာရန် မှာ ကြားလိုက်သည် ။ ကျွန်တော်တို့ နှစ်ယောက်သည် အပြန်လမ်းတွင် လမ်းခုလတ် ဝင်မိသမျှသော လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တိုင်းတွင် 'အ၊အ၊သ' ကတ်ပြားကိုသာ စမ်းမိနေတော့သည် ။ ကျွန်တော်မှာ တစ်ခါတစ်ခါ (၂၅)ကြိမ်တွင် (၇)ကြိမ်လောက် မှန်တတ်သဖြင့် ပီတိဖြစ်နေမိ၏ ။ (၅)ကြိမ်အထိမှန်လျှင် တိုက်ဆိုင်မှု၊ (၅)ကြိမ်ထက်ကျော်လျှင် အကြားအမြင်နှင့် နီးစပ် လာပြီဆိုသော ဒူတက္ကသိုလ်၏ ရှာဖွေတွေ့ရှိချက်အရဆိုလျှင် ကျွန်တော်ကား သိပ်မဆိုးလှတော့။ ရုံးမှာလည်း ကျွန်တော့် လုပ်ဖော်ကိုင်ဖက်များကို စမ်းသပ်ကြည့်သည် ။ သူတို့ထက် ကျွန်တော်က အမှန်ပိုများ သည် ။ (၂၅)ကြိမ်တွင် ပျမ်းမျှအားဖြင့် (၄)ကြိမ်မှ (၆)ကြိမ်ခန့် ကျွန်တော်မှန်တတ်သည် ။

ကျွန်တော်နှင့် တစ်တိုက်တည်းနေသူ 'အယ်လင်' ဆိုသော ပုဂ္ဂိုလ်ကတစ်မျိုး။ သူက လက်တွေ့သမား။ ကျွန်တော်စိတ်ဝင်စားတာမျိုးတွေ သူစိတ်မဝင်စားတတ်။ ကျွန်တော်၏ 'အ၊အ၊သ' ကတ်ပြားစမ်းသပ်မှုကိုလည်း သူ အပျော်သဘောအနေဖြင့် စမ်းကြည့်ရန်စိတ်ကူးမိဟန်မတူ။ သူသည် အစိုးရလခစားအလုပ်မှ ထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းကို စတင်တည်ထောင်လုပ်ကိုင်နေသူဖြစ်ရာ အလုပ်က အမြဲပင်ရှုပ်နေတတ်သည် ။ သူသည် လျှပ်စစ်အင်ဂျင်နီယာတစ်ယောက်အနေနှင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်ကာ ပုဂ္ဂလိက လေယာဉ် ကုမ္ပဏီတစ်ခုအတွက် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ပေးရေးလုပ်ငန်းကိုသာ နေ့မအား ညမအား လုပ်ကိုင်နေသည် ။

သူ့အခန်းထဲတွင် လုပ်ငန်းဆိုင်ရာပစ္စည်းတွေ တောင်ပုံရာပုံနှင့်

ရှုပ်ထွေးနေသည် ။ သူသည် အနာဂတ်အတွက် သူ့စီမံကိန်းနှင့်သူ အစီအစဉ်တွေချပြီးသား၊ ထိုအထဲတွင် ကတ်ပြားချပ်ကလေးတွေကို မှောက်ကာ ဘာအပွင့်လဲ ဆိုသည် ကို မှန်းဆဖြေဆိုရသော အလုပ်မျိုးကို စိတ်မဝင်စားသည် မှာ သဘာဝကျပါသည် ။ ကျွန်တော်ကလည်း ကျွန်တော်။ သူ့ကိုမှ သွားသွားပြီး နားပူနားဆာလုပ်မိသည် ။ 'အ၊အ၊သ' ကတ်ပြားစမ်းကြည့်ရန်။ ကြာတော့ သူအားနာလာဟန်တူသည် ။ တစ်ခါတော့စမ်းမယ်ဗျာ၊ နောက်တစ်တော့ မစမ်းပါရစေနဲ့ ဟု ဆိုကာ ကျွန်တော့်ဆန္ဒကို လိုက်လျောလိုက်သည် ။

ကျွန်တော်သည် ကတ်ပြားများကို ကုလားဖန်ထိုးကာသူ့ကိုပေးသည် ။ သူက စိတ်ထဲတွင် တစ်ခုခု တွက်ချက်နေဟန်တူသည် ။ ကတ်ပြားတစ်ခုကို ကျွန်တော်ပြသည် ။ နောက်ကျောကိုကြည့်ပြီး သူက ဖြေသည် ။ 'ကြယ်ပုံ'၊ ကျွန်တော် ဘာမှ ပြန်မပြော။ စာရွက်လွတ်တစ်ရွက်တွင် သာ ကိုယ့်ဘာသာ ကိုယ် တေးထားလိုက်သည် ။ သူက သူ့အလုပ်စာရွက်တွေထဲမှာ တစ်ခုခုရှာနေရာမှ ကျွန်တော်ပြသော ဒုတိယကတ်ပြားကို ထပ်အဖြေပေးသည် ။ 'ဒီတစ်ခါလဲ ကြယ်ပဲ'။ သူမှန်ပြန်သည် ။ ကျွန်တော်ကတော့ ဘာမှ မပြော။ စာရွက်ထဲမှာ သာ တေးမှတ်လိုက်သည် ။ သူကတော့ စီးကရက်တစ်လိပ်ကို မီးညှိသည် ။ ထို့နောက် စာအုပ်စင်သွားကာ စာရွက်တစ်ရွက် လိုက်ရှာဟန်တူသည် ။ သို့သော် ထိုစာရွက်မှာ သူ့စားပွဲရှေ့တည့်တည့်တွင် ရှိနေသည် ကို နောက်မှ တွေ့ရ၍ မကျေမနပ်နှင့်ကျိန်ဆဲရေရွတ်လိုက်ရင်း ကျွန်တော်မေးတာတွေကို ပေါ့တီးပေါ့ဆ လျှောက်ဖြေနေသည် ။ သူက ကျွန်တော့်ကို အားနာလို့ သာ အဖြေပေးနေရသည် ၊ သူ့စိတ်မှာ မူ

သူ့အလုပ်ထဲမှာ သာ ကျွန်တော့်ကို ဖြေရင်းနှင့် သူ့ခေါင်းထဲ ပေါ်လာသမျှသော သူ့ ကိစ္စဝိစ္စတွေ လျှောက်လုပ်နေသည် ။ နောက်ထပ် စီးကရက်တစ်လိပ် မီးညှိုပြန်သည် ။

ကတ်ပြား(၂၅)ချပ်ဖြင့် သူ့ကိုစစ်ရာ တစ်နာရီနီးပါး ကြာသည် ။ ရလဒ်ကတော့ ကြောက်စရာ လန့်စရာ။ (၂၅)ချပ်မှာ သူမှန်တာ (၂၃)ကြိမ်။

ကျွန်တော်က သူ့ကို ရှင်းပြသည် ။ သူ ဘယ်လောက်ထူးခြားနေပြီဆိုတဲ့ အကြောင်း။ အစကတော့ သူ စိတ်မဝင်စားသေး။ သူ လုပ်စရာတွေ အားလုံး လက်စသတ်ပြီးတော့မှ ကျွန်တော်ပြောတာကို သူ အေးအေးဆေးဆေး နားထောင်သည် ။ ကျွန်တော်က ဒူတက္ကသိုလ် စမ်းသပ်ချက်အရ (၇)ကြိမ်ထက် ပိုမှန်လျှင် အလွန်ထူးခြားနေပြီ ဆိုသည့်အကြောင်း။

သည် တော့မှ သူ မျက်လုံးပြူးသွားသည် ။ နောက်တစ်ခါ ထပ်စမ်းအုံးမည်ဟု စိတ်လိုလက်ရ ပြောလာသည် ။ ထို့ကြောင့် ထပ်၍ စမ်းကြသည် ။

'ကြယ်ပုံ'

မှားသည် ၊ လိုင်းတွန့်၊ မှားပြန်ပြီ၊ နောက်ဆုံး နိဂုံးချုပ်တော့ (၂၅)ကြိမ်မှာ (၃) (၄)ကြိမ်သာ မှန်တော့သည် ။ (၅)ကြိမ်ထက် တစ်ခါမှ မပိုတော့။

'အယ်လင်' လည်း အတော်စိတ်ပျက်သွားသည် ။ ကျွန်တော်လည်း ဘာပြောရမှန်းပင် မသိတော့။ သူ့စိတ်က တခြားနေရာရောက်တုန်းကတော့ ဖြေသမျှ မှန်လိုက်တဲ့ ဖြစ်ခြင်း။ အခု သေသေချာချာ အာရုံစိုက်ဖြေပြန်တော့မှ တလွဲတွေချည်း။

ဗန်ကောက်ရှိ ကျွန်တော့်ရုံးသို့ ပြန်ရောက်သောအခါ ကျွန်တော့်မိတ်ဆွေ ထိုင်းတွေနှင့် ပြန်ဆုံရပါသည် ။ သူတို့ အားလုံး၏ အာရုံမှာ ဘာသာရေးတွင် သာရှိကြသည် ကို တွေ့ရသည် ။ ကျွန်တော် သိချင်နေသော အကြားအမြင်ဆိုင်ရာ ပြဿနာ အ၊အ၊သ (အီး၊အက်စ်၊ ပီ) ခေါ် ပရစိတ္တဥ်ဆိုင်ရာ ပြဿနာများမှာ သူတို့ အဖို့ သိပ်မဆန်းလှတော့။ ဤပြဿနာများမှာ အရှေ့တိုင်းသားတို့ အဖို့ တကူးတက စဉ်းစားတွေးတော အံ့သြနေစရာမဟုတ်။ သူတို့ ၏ နိစ္စဓူဝ ဘဝတိုင်းတွင် တွေ့ကြုံမြင်ကြားနေရသော သာမန်ကိစ္စမျှပင် ဖြစ်ကြသည် ။ သူတို့ အတွက် တကယ်တမ်း အရေးကြီးသည် မှာ ဘာသာရေး။ ဘာသာရေးတွင် လည်း အတိတ်ဘဝမှ ဘာသာရေး အထုံအဆက်၊ ပဋ္ဌာန်းဆက်သည် လည်း အလွန်အမင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ကျွန်တော် သိရှိနားလည်ခဲ့ရသည် ။

* * *